ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၇။

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၅

| | | |
|---|---|---|
| မြတ်သန္တာကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား ဒါရိုက်တာဦးထွန်းဦး) | နှင့် | Eager Communications Group Co., Ltd |
| တရားလို | | တရားပြိုင် |
| တရားလိုအတွက် | - | ဒေါ်စန်းမာလာညွန့်၊ တရားလွှတ်တော်ရှေ့နေ |
| တရားပြိုင်အတွက် | - | ဦးမင်းစိန်၊ တရားလွှတ်တော်ရှေ့နေ |

## ကြားဖြတ်အမိန့်

ရက်စွဲ။ ၂၀၁၉ ခုနှစ် ဧပြီ လ ၅ ရက်

အမှုမှာ တရားလိုက တရားပြိုင်အပေါ် ကတိပဋိညာဉ်အတိုင်း ဝန်ဆောင်ခကျန်ငွေ ၅၉၃၀၀၈၀၄၀/- နှင့် နစ်နာကြေးငွေ ၅၀၀၀၀၀၀၀၀/- ၊ စုစုပေါင်းငွေ ၁၀၉၃၀၀၈၀၄၀/- (ကျပ်သိန်းပေါင်း တစ်သောင်းကိုးရာ သုံးဆယ့်တစ်သိန်း ရှစ်ထောင့်လေးဆယ် တိတိ) ရလိုမှုစွဲဆိုခြင်းဖြစ်သည်။

အမှုတွင် အဆိုလွှာအပေါ် ချေလွှာတင်သွင်းခြင်းမပြုမီ တရားပြိုင်ဘက်မှ အနုညာတ ဥပဒေပုဒ်မ ၁၀(က)အရ ယခုအငြင်းပွားမှုကို အဆုံးအဖြတ်ခံယူရန် အမိန့်ချမှတ်ပေးပါရန် လျှောက်လွှာတင်သွင်းသည်ကို တရားလိုဘက်မှ ကန့်ကွက်၍ ကြားနာအမိန့် ချမှတ်ရန်ဖြစ်သည်။

လျှောက်ထားသူ တရားပြိုင်က တရားလိုနှင့် တရားပြိုင်တို့အကြား ချုပ်ဆိုခဲ့သော ၄-၂-၂၀၁၆ ရက်စွဲပါစာချုပ်ကို အဆိုလွှာနှင့်အတူ ပူးတွဲတင်ပြထားပြီး ယင်းစာချုပ်အပိုဒ် ၁၅(၁)နှင့်(၂) တို့တွင် - စာချုပ်ဝင်များအကြား ဤစာချုပ်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဤစာချုပ်မှ ဆက်စပ်၍ဖြစ်စေ အငြင်းပွားမှုပေါ်ပေါက်ပါက၊ နှစ်ဘက်ညှိနှိုင်းမရပါက အနုညာတနည်းဖြင့် ရန်ကုန်မြို့တွင် ဖြေရှင်းရမည်ဟု ဖော်ပြထားပါကြောင်း၊ ယခုအမှုတွင် တရားပြိုင်သည် ပထမဆုံးရုံးချိန်းတွင်ပင် အနုညာတခုံဆုံးဖြတ်ချက်အတွက် လျှောက်လွှာတင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခုအခါ တရားရုံးများတွင် Mediation and Conciliation ကိုပင် စတင်ဆောင်ရွက်နေသည့် ကာလတွင် တရားပြိုင်ဘက်မှ လျှောက်ထားသည့်အတိုင်း အမှုကိုဆိုင်းငံ့ပြီး အနုညာတအဆုံးအဖြတ်ခံယူစေသော အမိန့်ချမှတ်ပေးပါရန် ဟု စီရင်ထုံးများကိုးကားတင်ပြလျှောက် ထားသည်။

တရားလိုဘက်မှ ကန့်ကွက်လျှောက်လဲတင်ပြရာတွင် ၄-၂-၂၀၁၆ နေ့စွဲပါစာချုပ်တွင် စာချုပ်အပိုဒ် ၁၅(၁)(၂)တို့တွင် ထင်ရှားစွာဖော်ပြထားခြင်းမရှိပါကြောင်း၊ တရားပြိုင်၏တင်ပြချက်မှာ ပဋိညာဉ်ဥပဒေနှင့် ကိုက်ညီမှုမရှိပါကြောင်း အငြင်းပွားမှုကို အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ခံယူလိုလျှင် မူလစာချုပ်တွင် မည်သည့်နိုင်ငံ၊ မည်သည့်ခုနှစ်၊ မည်သည့်အနုညာတ ဆုံးဖြတ်ချက်ဥပဒေအရ အငြင်းပွားမှုကို ဆုံးဖြတ်ရမည်၊ (သို့မဟုတ်) မည်သည့်ခုံသမာဓိ လူကြီး၏ဆုံးဖြတ်ချက်ကို ခံယူမည်ဟု တိကျစွာဖော်ပြရမည်ဖြစ်ပါကြောင်း၊ တရားပြိုင်၏တင်ပြချက်သည် တရားလိုစွဲဆိုသော တရားမမှုကို ပိတ်ပင်ခြင်းမရှိပါကြောင်း၊ ပဋိညာဉ်ဥပဒေပုဒ်မ ၂၈ နှင့် ဆန့်ကျင်နေပါ၍ လျှောက်ထားချက်ကို ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

**ဒေါ်အေးလုံ နှင့် ဒေါ်ခင်နီ အမှု**[၁] တွင် အမှုသည်များကိုဖြစ်စေ၊ သက်သာခွင့်များကိုဖြစ်စေ မှားယွင်းပူးတွဲစွဲဆိုခြင်းကြောင့် ချွတ်ယွင်းသဖြင့် အမှုစွဲဆိုခွင့်မရှိကြောင်း ပဏာမကန့်ကွက်ချက်ကို ချေလွှာတင်သွင်းခြင်းမပြုမီ အမိန့် ၁၊ နည်း ၁၃ အရ တင်ပြနိုင်သည်။ ယင်းတင်ပြချက်ကို ယေဘုယျအားဖြင့် တရားရုံးက အဆုံးအဖြတ်ပေးသင့်ကြောင်း ထုံးဖွဲ့ခဲ့ရာမှ ပဏာမကန့်ကွက်ချက်များ ခေတ်စားလာပြီး၊ အမှုများကြန့်ကြာလာသဖြင့် ပြည်သူ့တရားသူကြီးအဖွဲ့က ချေလွှာမတင်မီ ပဏာမကန့်ကွက်လွှာများကို လက်ခံခြင်းမပြုရန် ၂၉-၁၁-၁၉၇၉ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁၈/၇၉ ကို ထုတ်ပြန်ခဲ့သည်။ ယင်းညွှန်ကြားချက်တွင် အောက်ပါအတိုင်း ညွှန်ကြားထားသည်-

၁။ တရားရုံးအဆင့်ဆင့်၌ စွဲဆိုသော တရားမမှု အများအပြားတွင် တရားပြိုင်တို့သည် ချေလွှာမတင်မီ တရားလိုက အမှုကိုစွဲဆိုခွင့်မရှိဟု အကြောင်းပြ၍လည်းကောင်း၊ အခြားအကြောင်းများပြ၍ လည်းကောင်း ပဏာမကန့်ကွက်လွှာများ တင်သွင်းကြသည်ကိုတွေ့ရပါသည်။ ထိုသို့ တရားပြိုင်များက ပဏာမကန့်ကွက်လွှာတင်သည့်အတွက် တရားလိုများက ပဏာမကန့်ကွက်လွှာကို လက်မခံသင့်ကြောင်း ကန့်ကွက်လာလျှင် တရားရုံးက ပဏာမကန့်ကွက်လွှာကို လက်ခံသင့်/မသင့် နှစ်ဘက်လျှောက်လဲချက်များ ကြားနာအဆုံးအဖြတ်ပေးရခြင်း၊ တရားရုံး၏အဆုံးအဖြတ်ကို မကျေနပ်သည့်ဘက်က အဆင့်ဆင့်ပြင်ဆင်မှုများ တက်ခြင်းတို့ကြောင့် တရားမမှုများမှာ မကြန့်ကြာသင့်ဘဲ ကြန့်ကြာရသည်ကို တွေ့ရပါသည်။

၂။ တရားပြိုင်တို့သည် မိမိတို့အပေါ်စွဲဆိုသည့် အမှုနှင့်ပတ်သက်၍ ထုချေလိုသည့်အချက်များအားလုံးနှင့် ကန့်ကွက်လိုသောအချက်များအားလုံးတို့ကို ချေလွှာတွင်ရေးသားထုချေခြင်း၊ကန့်ကွက်ခြင်းပြုလုပ်ရမည်ဟု တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၂ တွင် ပြဋ္ဌာန်းထားပါသည်။ တရားရုံးများသည် အဆိုလွှာနှင့်ချေလွှာတို့ကို စိစစ်သုံးသပ်ပြီး၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၄၊ နည်းဥပဒေ ၂ အရ ဥပဒေအချက်အလက်နှင့်ပတ်သက်၍ ပထမဦးစွာ ဆုံးဖြတ်ပေးသင့်သည်ဟု ယူဆလျှင် ယင်းဥပဒေအချက်အလက်အပေါ် ပဏာမငြင်းချက်ထုတ်၍ နှစ်ဘက်ကြားနာပြီး အဆုံးအဖြတ်ပေးနိုင်ပါသည်။

အစဉ်နံပါတ်မိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
ထောက်ခံသည်

၃။ သို့ဖြစ်၍ ဒေသဆိုင်ရာတရားရုံးအဆင့်ဆင့်တွင် တရားမမှုများစစ်ဆေးကြားနာ အဆုံးအဖြတ်ပေးရာ၌ မကြန့်ကြာစေဘဲ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးပေးနိုင်စေခြင်း အလို့ငှါ တရားပြိုင်များအနေဖြင့် ချေလွှာတင်သွင်းရမည့်အစား ချေလွှာမတင်သေးဘဲ ပဏာမကန့်ကွက် လွှာများ တင်သွင်းလာလျှင် တရားရုံးများက လက်ခံခြင်းမပြုရန် ညွှန်ကြားလိုက်သည်-ဟု ပါရှိသည်။

ယခု တရားပြိုင်ဘက်မှ လျှောက်ထားချက်သည် ချေလွှာမတင်မီ ပဏာမကန့်ကွက်လွှာ တင်သွင်းလျှောက်ထားခြင်းဖြစ်၍ လျှောက်ထားချက်အား ပလပ်လိုက်သည်။

(အေးသန်း)
တရားသူကြီး

---

၁။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၂၈

အရွှေ့ရုံးစာရေး
ရှမ်းပြည်နယ်တိုင်းဒေသကြီးတရားလွှတ်တော်